## ပျောက်ဆုံးနေတဲ့သံဃာတော်တွေအတွက် စုံစမ်းစစ်ဆေးပေးဖို့ သံဃာ့တပ်ပေါင်းစု တောင်းဆို
## ၂၈ နိုဝင်ဘာ ၂၀၀၈

သံဃာတော်တွေ ကံဆောင် သပိတ်မှောက်ခဲ့တာ ၂ လလောက် ကြာသွားပြီးတဲ့နောက် ဖမ်းဆီးခံရတဲ့ သံဃာတွေ၊ ပျောက်ဆုံးနေသေးတဲ့သံဃာတွေ ရှိနေသေးတာကြောင့် သံဃာ့မဟာနာယကအဖွဲ့က ဒီသံဃာတွေနဲ့ ပတ်သက်လို့ တာဝန်ယူဖော်ထုတ်ဖို့ သံဃာ့တပ်ပေါင်းစုက တောင်းဆိုလိုက်ပါတယ်။ ဒီအကြောင်း ဗီအိုအေ မြန်မာ ပိုင်းအစီအစဉ်ရဲ့ ထိုင်းအခြေစိုက်သတင်းထောက် ဒေါ်အေးအေးမာ က သတင်းပေးထားပါတယ်။

အာဏာပိုင်တွေက ဘုန်းကြီးကျောင်းပေါင်း ၆၀ နီးပါးကို ဝင်ရောက်စီးနင်းခဲ့ပြီးတဲ့နောက် ဖမ်းဆီးခံနေရတဲ့ သံဃာတော်တွေ အမြန်ဆုံးလွှတ်မြောက်ဖို့ ပံ့လွှန်တော်မူတာတွေ၊ ပျောက်ဆုံးနေရတဲ့ ရဟန်းသံဃာတော်တွေရဲ့ အရေးကိစ္စနဲ့ ပတ်သက်ပြီး သံဃာ့မဟာနာယကအဖွဲ့အနေနဲ့ ဖြေရှင်းပေးဖို့ သံဃာတပ်ပေါင်းစုကြီးက တောင်းဆို လိုက်ပါတယ်။ အခုအချိန်အထိ မြန်မာနိုင်ငံထဲမှာ ဖမ်းဆီးနှိပ်စက်မှုတွေရှိနေဆဲဖြစ်ကြောင်း မကြာသေးခင်ကပဲ နယ်စပ်ကိုတိမ်းရှောင်လာတဲ့ သာကေတမြို့နယ် ရှုခင်းသာ ဇေတဝန်ကျောင်းက ဦးပညာသီရိ က အခုလို ပြောသွား ပါတယ်။

> "တောင်ဥက္ကလာ ငွေကြာယံဆိုလို့ရှိရင် သူတို့ ကျောင်းတံခါးကိုပေါ့လေ၊ သူတို့ကားနဲ့ အတင်း တွန်းဝင်တယ်၊ တွန်းဝင်ပြီးတော့ သံဃာတွေကို အတင်းဝင်ရိုက်တယ်၊ အကုန်လုံးပေါ့လေ၊ ကျောင်းကရှိတဲ့ မှန်တွေဘာတွေ အကုန်ရိုက်ခွဲတယ်။ အဲဒီမှာ အရိုက်ခံရတာ ဒကာမကြီးရေ – တော်တော်လေးများတယ် ဒကာမကြီး။ အရိုက်ခံရတာ သံဃာတွေအများကြီးပဲ။ အခုဆိုရင်လည်း အခုအချိန်အထိ၊ လက်ရှိအထိပေါ့၊ ကျောင်းတွေကို သူတို့က ဘယ်လိုလဲဆိုတော့ အနုနည်းနဲ့ဝင်ဖမ်းတာရှိတယ် ဒကာမကြီး၊ သူတို့ထဲမှာ ပုံတွေရှိတယ်ပေါ့။ စက်တင်ဘာလတုန်းက ပါဝင်ခဲ့တဲ့သံဃာတော်တွေကို သူတို့ ပုံတွေနဲ့လိုက်ဖမ်းတယ်။ ဦးပဥ္စင်းဆိုလို့ရှိရင်၊ ဦးပဥ္စင်းနေတဲ့ ဇေတဝန်ကျောင်းပေါ့လေ၊ အဲဒီ စာသင်တိုက်ကျောင်းဝင်းထဲကိုဆိုရင် အရပ်ဝတ်နဲ့လာပြီးတော့ သူတို့ လိုက်ဖမ်းတာပေါ့။ မိရင်လည်း ဒကာမကြီး တခါတည်း တန်းခေါ်သွားတယ်၊ ဟိုရောက်ရင်လည်း လူဝတ်တခါတည်း တန်းလဲခိုင်းတယ်။ လဲပြီးတော့ ထောင်ချပြစ်တာပေါ့နော်။"

စစ်အစိုးရရဲ့ အခုလို အကြမ်းဖက်မှုတွေကို လုံးဝလက်မခံနိုင်ကြောင်းနဲ့ သံဃာမဟာနာယကအဖွဲ့ကလည်း စစ်အစိုးရအလိုကျဖွဲ့စည်းထားတာဖြစ်ကြောင်း၊ ဒီအဖွဲ့အစည်းအနေနဲ့ တရားမဝင်တဲ့အကြောင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာဗိမာန်ကျောင်းတိုက်က ဦးအဂ္ဂဉာနကလည်း အခုလို ပြောသွားပါတယ်။

> "အခု ဒီမှာရှိတဲ့ ဒကာ ဒကာမတွေက လုံးဝမကျေနပ်ဘူးပေါ့၊ ဒါမျိုးရိုက်နှက်တာနဲ့ပတ်သက်ပြီး တော့။ ဦးပဥ္စင်းတို့ ဘုန်းကြီးတွေဖြစ်တဲ့အတွက် သံဃာတွေကို ညပိုင်း ဝင်စီးပြီးတော့ ရိုက်နှက် ဖမ်းဆီး တာတွေ၊ ရက်စက်တာတွေကိုတော့ လုံးဝ မကျေနပ်ဘူးပေါ့နော်။ ဦးပဥ္စင်းတို့က ၂၆ ရက်နေ့က ရွှေတိဂုံ အရှေ့ဖက်မုခ်မှာ ဦးပဥ္စင်းတို့ကိုယ်တိုင် မြင်တွေ့ခဲ့ရတယ်၊ သံဃာတော် တော်တော်များများ သွေးထွက် သံယိုဖြစ်ခဲ့တာတွေ။ အဲဒါတွေကို ဦးပဥ္စင်းတို့ တသက်လုံးမေ့နိုင်မှာလည်း မဟုတ်ဘူးပေါ့နော်။ ပြည်တွင်းမှာ လည်း သံဃာ့မဟာနာယကအဖွဲ့က ဦးပဥ္စင်းတို့ကတော့ တရားဝင်အဖွဲ့အနေနဲ့ ဦးပဥ္စင်းတို့က မသတ်မှတ် ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီ စစ်အစိုးရဆိုတာကလည်း ပြည်သူလူထုက ရွေးကောက်တင်မြောက်ထားတဲ့ အစိုးရမဟုတ်တဲ့အတွက်ကြောင့် ဒီ တရားဝင်မဟုတ်တဲ့ စစ်အစိုးရကနေပြီးတော့ ဒီ သံဃာ့မဟာနယာက ကို ဖွဲ့ထားတာဖြစ်တယ်။ အဲဒီလို တရားမဝင်တဲ့စစ်အစိုးရက ဖွဲ့ထားတဲ့အတွက်ကြောင့် ဒီ သံဃာ့မဟာ နာယကအဖွဲ့ကလည်း တရားမဝင်ဘူးလို့ပဲ ဦးပဥ္စင်းတို့ကတော့ အဲဒီလိုပဲ ယူဆထားတယ်။"

ဖမ်းဆီးနှိပ်စက်ခံနေရတဲ့သံဃာတွေ၊ ပျောက်ဆုံးနေရတဲ့သံဃာတွေ၊ အများအပြား ရှိနေတာကြောင့် စစ်အစိုးရမှာ တာဝန်ရှိနေသလို ဒါတွေကိုဖော်ထုတ်နိုင်ဖို့ စုံစမ်း စစ်ဆေးပေးဖို့ကိုလည်း သံဃာ့အဖွဲ့အစည်းတွေက တောင်းဆိုနေကြပါတယ်။